လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
Ministry of Social Welfare, Relief and Resettlement
Office No. (23), Nay Pyi Taw

Monthly Newsletter သတင်းလွှာ August 2024


# မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြင့်တင်ရေးအသင်း၏ (၁၁) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပခြင်း




**၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၇ ရက်** **နေပြည်တော်**

မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြင့်တင်ရေးအသင်း၏ (၁၁) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၇) ရက်နေ့တွင် နေပြည်တော်၊ Horizon Lake View ဟိုတယ်၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြင့်တင်ရေးအသင်း၏ ဂုဏ်ထူးဆောင်နာယကများဖြစ်ကြသည့်ဒေါ်ကြူကြူလှနှင့်ဒေါ်ခင်သက်ဌေးတို့တက်ရောက်ချီးမြှင့်ခဲ့ကြပါသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက အဖွင့်အမှာစကား ပြောကြားရာ မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြင့်တင်ရေး အသင်း - MWCDF အနေဖြင့် မြန်မာနိုင်ငံရှိ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ဘဝမြင့်မားရေးတို့ကို အလေးပေး ဆောင်ရွက်နေသည်မှာ (၁၁)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပါကြောင်း၊ MWCDF၊ အိန္ဒိယနိုင်ငံ Barefoot Collegeနှင့် မြန်မာနိုင်ငံ၊ အိန္ဒိယ သံရုံးတို့ ပူးပေါင်းပြီး နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးကာ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ဆိုလာနည်းဖြင့် မီးရရှိစေရေးစီမံကိန်းကို စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း၊ အမျိုးသမီးကော်မတီများ ဖွဲ့စည်းထားရှိရာတွင် ပြည်ထောင်စုအဆင့်မှာသာမက ပြည်ထောင်စုနယ်မြေနေပြည်တော်အပါအဝင်

တိုင်းဒေသကြီး/ပြည်နယ် (၁၄)ခုနှင့် ခရိုင်(၁၃)ခု တို့တွင် မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်းအနေဖြင့် အဖွဲ့ဝင်အဖြစ်ပါဝင်နေပါကြောင်း ပြောကြားခဲ့ပါသည်။



ထို့အပြင်အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်း - NSPAW (၂၀၂၃ - ၂၀၃၂) ကို ဦးဆောင်ကော်မတီ (၁) ရပ်နှင့် လုပ်ငန်းကော်မတီ (၁၂) ရပ်တို့ ဖွဲ့စည်းကာ စီမံကိန်းကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၃၂) ၏ လုပ်ငန်းနယ်ပယ် (၁၂) ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီး ကော်မတီ၏ ဦးဆောင်မှု ဒေသအဆင့်ဆင့်တွင်ရှိသည့် အမျိုးသမီး ကော်မတီများ အားလုံး၏ ပူးပေါင်းဆောင်ရွက်မှုနှင့်အတူ မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်းအပါအဝင် အမျိုးသမီးအဖွဲ့အစည်းများအားလုံးနှင့်မိတ်ဖက်အဖွဲ့အစည်းများ အားလုံးတို့ကလည်း မဟာဗျူဟာစီမံကိန်း ရည်မှန်းချက်များ ပြည့်မီအောင် ယခုထက်ပိုမိုပြီး တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း ပြောကြားခဲ့ပါသည်။



ထို့နောက် ပဲခူးတိုင်းဒေသကြီးမှ ဆောင်းပါးဆုများ ရရှိသူနှင့် ရှမ်းပြည်နယ်မှ လူမှုရေးထူးချွန်ဆု ရရှိသူများကို မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်း၏ ဂုဏ်ထူးဆောင် နာယက ဒေါ်ကြူကြူလှကလည်းကောင်း၊ ကချင်ပြည်နယ်မှ လူမှုရေးထူးချွန်ဆုရရှိသူကို ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်သက်ဌေးကလည်းကောင်း၊ ကချင်ပြည်နယ်မှ World Vision International Founder Award ရရှိသူကို မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းကလည်းကောင်း ဆုပေးအပ်ချီးမြှင့်ပေးခဲ့ပြီး တက်ရောက်လာကြသူများနှင့် အတူ စုပေါင်းဓာတ်ပုံမှတ်တမ်းတင်ကာ ခင်းကျင်းပြသထားသည့် ဓါတ်ပုံမှတ်တမ်း ပြခန်းနှင့် ထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုလေ့လာအားပေးခဲ့ကြပါသည်။



အဆိုပါ ဒုတိယပိုင်းအစီအစဉ်အရ မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေး

အသင်း၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဆက်လက် ဆောင်ရွက်ခဲ့ပါသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းမှ ပဲခူးတိုင်းဒေသကြီးအတွင်း မိုးရာသီကာလရေကြီးမှုဖြစ်စဉ်များကြောင့် ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးခြင်း



**၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂ ရက်** **ပဲခူးတိုင်းဒေသကြီး**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဒေါက်တာစိုးဝင်းနှင့် တာဝန်ရှိသူများသည် ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ(၂)ရက်နေ့တွင် မိုးရာသီကာလရေကြီးမှု ဖြစ်စဉ်များကြောင့် ရေဘေးသင့်ခဲ့ကြသော ပဲခူးမြို့ပေါ်ရပ်ကွက်များရှိ ရေဘေးရှောင်စခန်းများမှ ရေဘေးသင့်ပြည်သူများအား ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့်အတူ ပဲခူးမြို့၊ ဗုဒ္ဓအသံဓမ္မဗိမ္မာန်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့က သဘာဝဘေးကွပ်ကဲရေးရုံးအတွင်း ဖွင့်လှစ်ထားသည့် ရေဘေးရှောင်စခန်းဖွင့်လှစ်ထားမှုရှိ အခြေအနေနှင့် ဘေးသင့်ပြည်သူများအတွက် ကူညီကယ်ဆယ်ရေးဆောင်ရွက်မှုများကို ဆွေးနွေး၍ မြို့သစ်ရပ်ကွက် ဆုတောင်းပြည့်ဘုန်းကြီးကျောင်း၊ ကျောက်ကြီးစုရပ်ကွက် အထက်တန်းကျောင်းခွဲ (ကျောက်ကြီးစု) နှင့် ဟံသာဝတီရပ်ကွက် မွန်ဓမ္မာရုံတို့တွင် ဖွင့်လှစ်ထားသော ရေဘေးရှောင်စခန်းများသို့ သွားရောက်ကာ ရေဘေးသင့်ပြည်သူ (၄၉၁၁) ဦးအတွက် ကြက်ဥ၊ ခေါက်ဆွဲခြောက်ထုပ်၊ ဆန်ရိက္ခာဖိုးများ ထောက်ပံ့ပေးအပ်ခဲ့ပြီး ကလေးများအား စားစရာမုန့်များ ပေးဝေကာ ရင်းရင်းနှီးနှီး တွေ့ဆုံခဲ့ကြပါသည်။



အဆိုပါ ရေဘေးရှောင်စခန်း (၃)ခုတွင် နိုင်ငံအနှံ့ ဖြစ်ပွားလျက်ရှိသော ရေဘေးသင့် ပြည်သူများအတွက် နိုင်ငံတော်အကြီးအကဲနှင့် အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှု ကော်မတီတို့၏ ဦးဆောင်လမ်းညွှန်မှုများဖြင့် စီမံခန့်ခွဲ ဆောင်ရွက်ပေးနေမှုများ၊ ထောက်ပံ့ပေးနေမှုအခြေအနေ များ၊ ရေဘေးဖြစ်ပွားပြီးနောက် အမျိုးသားသဘာဝဘေး အန္တရာယ်စီမံခန့်ခွဲမှုကော်မတီနှင့် အဖွဲ့အဆင့်ဆင့်၏ အနီးကပ် ကြီးကြပ်မှုများဖြင့် ပြန်လည်ထူထောင်ရေး ဆောင်ရွက်ပေးမည့် အခြေအနေများကို ပြည်ထောင်စု ဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ရှင်းလင်း ပြောကြားခဲ့ပြီး ရေဘေးသင့်ပြည်သူများအား အားပေး စကားများ ပြောကြားခဲ့ပါသည်။

အဆိုပါ ရေဘေးရှောင်စခန်း (၃) ခုအတွက်



ထောက်ပံ့မှု စုစုပေါင်းငွေကျပ်သိန်းပေါင်း (၅၂၇)သိန်း ကျော်ဖြစ်ပြီး အမျိုးသားကော်မတီ၏ လမ်းညွှန်မှုဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၏ ပဲခူးတိုင်းအတွင်း ရေဘေးသင့်ပြည်သူများ အား ရေဘေးစတင်ဖြစ်ပွားသည်မှစ၍ ယနေ့အထိ ထောက်ပံ့မှုပေါင်းမှာ ကျပ်သိန်းပေါင်း(၃,၂၁၀)ဖြစ်ပါသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းမှ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးခြင်း



**၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၄ ရက်** **ဧရာဝတီတိုင်းဒေသကြီး**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဒေါက်တာစိုးဝင်း၊

ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ(၄)ရက်နေ့တွင် သာပေါင်းမြို့၊ အမှတ်(၃)ရပ်ကွက်၊ ဝိသုဒ္ဓါရာမမြို့မမင်း ဘုန်းကြီးကျောင်းတွင် သာပေါင်းမြို့နယ်အတွင်းရှိ ရေဘေးရှောင်စခန်း (၁၈)ခုမှ ရေဘေးသင့်ပြည်သူ (၁၁၄၈)ဦးအတွက် ဆန်၊ ခေါက်ဆွဲခြောက်၊ ငါးသေတ္တာ၊ ကြက်ဥ၊ ရေသန့်နှင့် ဆန်ရိက္ခာဖိုးများကို အသီးသီး ထောက်ပံ့ပေးအပ်၍ ဘေးသင့် ပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ ကျန်းမာရေးနှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးတို့ကို အထူးဂရုပြုနေထိုင်ကြရန်တို့ကို မှာကြားခဲ့ပြီး မြို့မမင်းကျောင်းဆရာတော်အား ဖူးမြော်၍ ဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြပါသည်။



ဆက်လက်၍ ပုသိမ်မြို့၊ သမိုင်းဝင်တာဝတိံသာဘုရားကြီးဝန်းအတွင်း ဖွင့်လှစ်ထားသည့် ရေဘေးရှောင်စခန်း၌ ရေဘေးသင့်ပြည်သူ (၁၁၄၆)ဦးအတွက် ဆန်၊ ခေါက်ဆွဲခြောက်၊ ငါးသေတ္တာ၊ ကြက်ဥ၊ ရေသန့်နှင့် ဆန်ရိက္ခာဖိုးများကို အသီးသီးထောက်ပံ့ပေးအပ်ခဲ့ပြီး ရေများပြန်လည်ကျဆင်းသွားပါက မိမိတို့နေထိုင်ရာ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး စနစ်တကျ ပြုလုပ်ကြရန် မှာကြားပြီး နေ့စဉ်လူနေမှုဘဝ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ရေးအတွက် လိုအပ်ချက်များကို မေးမြန်းအားပေးခဲ့ကြပါသည်။

ထို့နောက် ရွှေပုသိမ်ဧည့်ရိပ်သာ၌ ပုသိမ်မြို့နယ်၊ ကန်ကြီးထောင့်မြို့နယ်၊ ရေကြည်မြို့နယ်၊ ကျောင်းကုန်းမြို့များအတွင်းရှိ အခြားသော ရေဘေးရှောင်စခန်းများရှိ ရေဘေးသင့်ပြည်သူများသို့ ထပ်မံထောက်ပံ့ရန် ဆန်ရိက္ခာဖိုး (၅၈,၉၅၉,၀၀၀/-)နှင့် ရောဝတီတိုင်းဒေသကြီးအတွင်းသို့ ရောက်ရှိနေသည့် တိုက်ပွဲရှောင်ပြည်သူများအား နိုင်ငံတော်အကြီးအကဲ၏ အစီအမံဖြင့် ထောက်ပံ့သည့် ငွေကျပ် (၁,၅၂၂,၀၀၀)တန်ဖိုးရှိ Smart ကျား/မရုပ်အင်္ကျီ (၁၀၀၀) ထည်တို့အား တိုင်းဒေသကြီး ဝန်ကြီးချုပ်သို့ လွှဲပြောင်းပေးအပ်ခဲ့ပါသည်။



ဆက်လက်၍ ငါးသိုင်းချောင်းမြို့၊ သာသနာ့ဗိမာန်သိမ်တော်ကြီးသို့ ရောက်ရှိပြီး ရေဘေးသင့် ပြည်သူများနှင့် တွေ့ဆုံကာ မြို့နယ်အတွင်းရှိ ရေဘေးရှောင်စခန်း (၄၁)ခုမှ ဘေးသင့်ပြည်သူ(၆၉၈)ဦးအတွက် ဆန်၊ခေါက်ဆွဲခြောက်၊ ငါးသေတ္တာ၊ ကြက်ဥ၊ ရေသန့်နှင့် ဆန်ရိက္ခာဖိုးများကို အသီးသီး ထောက်ပံ့ပေးအပ်၍ နှစ်စဉ်တွေ့ကြုံခံစားနေရသော ရေဘေးအန္တရာယ်နှင့်စပ်လျဉ်း၍ နောင်နှစ်များတွင် ခံစားရမှုလျော့နည်း သက်သာစေရေးအတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူလူထု၊ စေတနာရှင်များစသည်ဖြင့် အားလုံးဝိုင်းဝန်းဆောင်ရွက်ခြင်းဖြင့် ဘေးအန္တရာယ်များမှ ကြံ့ကြံ့ခံနိုင်သော ရပ်ရွာလူထုများ ဖြစ်ပေါ်စေရေး ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်မှုများကိုရှင်းလင်းပြောကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါသည်။

## မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီအစည်းအဝေး (၁/၂၀၂၄) ကျင်းပခြင်း



**၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၈ ရက်** **နေပြည်တော်**

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီအစည်းအဝေး (၁/၂၀၂၄)ကို ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၈) ရက်နေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စုပေါင်းအစည်းအဝေးခန်းမ၌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းဦးဆောင်၍ကျင်းပပြုလုပ်ခဲ့ရာမသန်စွမ်း သူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာလုပ်ငန်းကော်မတီကို ၂၀၁၈ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ၂၀၂၄ ခုနှစ် မတ်လ (၁၈) ရက်နေ့တွင် ပြင်ဆင်ဖွဲ့စည်းထားရှိပါကြောင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ မဟာဗျူဟာ (၅) နှစ် စီမံကိန်း (၂၀၂၂-၂၀၂၇) ကို သက်ဆိုင်ရာဆပ်ကော်မတီဥက္ကဋ္ဌများ ဦးဆောင်၍ လုပ်ငန်းစီမံချက် (Action Plan) ရေးဆွဲခဲ့ပြီး (၁၅-၂-၂၀၂၄) ရက်နေ့တွင် အတည်ပြုဖြန့်ချိထားရှိပြီး ဖြစ်ပါကြောင်း၊ မသန်စွမ်းအသင်းအဖွဲ့များ မှတ်ပုံတင်ခြင်း လုပ်ငန်းအား အသေးစိတ်စိစစ်နိုင်ရေးအတွက် SOP (မူကြမ်း) ရေးဆွဲနိုင်ရေး Task Force အဖွဲ့အား သက်ဆိုင်ရာ ဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ဘာသာရပ်ဆိုင်ရာပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ မသန်စွမ်းသူများဆိုင်ရာအချက်အလက်များ တိကျမှန်ကန်မှု ရှိစေရေးအတွက် မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများမှတ်ပုံတင်ခြင်းလုပ်ငန်းကို စီမံကိန်းမြို့နယ် (၁၈)ခုတွင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး စီမံကိန်းနယ်မြေ(၆)ခုတွင် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် မသန်စွမ်းသူ မှတ်ပုံတင်လက်မှတ်ရရှိပြီးသူများအား မသန်စွမ်းထောက်ပံ့

ကြေးများ ဆက်လက်ပေးအပ်သွားမည် ဖြစ်ပါကြောင်း၊ မသန်စွမ်းကလေးသူငယ်များအတွက် ပုဂ္ဂလိကအထူး ပညာသင်ကျောင်း/ဌာန (၂၉) ကျောင်းအား တည်ထောင် ခွင့်ပြုမိန့်ထုတ်ပေးခဲ့ပြီး အဆိုပါကျောင်းများမှာ မသန်စွမ်း ကလေးငယ်များအတွက် ဘက်စုံဖွံ့ဖြိုးတိုးတက်မှုများအား လေ့ကျင့်သင်ကြားပေးလျက်ရှိပါကြောင်း ပြောကြားခဲ့ပါ သည်။

ထို့နောက်လုပ်ငန်းကော်မတီဝင်၊ အတွင်းရေးမှူး(၁) ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များနှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှု အခြေအနေများအား ရှင်းလင်းတင်ပြ ခဲ့ပြီး လုပ်ငန်းကော်မတီဝင်များက ဝိုင်းဝန်းအကြံပြု ဆွေးနွေးခဲ့ကြပါသည်။

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများမှ ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ပေးပို့လှူဒါန်းခြင်း



**၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၈ ရက်** **နေပြည်တော်**

နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးနှင့် နယ်မြေကာကွယ်ရေးတို့အတွက် အသက်ကို ပဓာန မထားဘဲ စွမ်းစွမ်းတမံ စွန့်လွှတ်စွန့်စား တာဝန်ထမ်းဆောင်နေကြသည့် ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းအမှူးပြုသော ဝန်ထမ်းမိသားစုများက အလှူငွေနှင့် စားသောက်ဖွယ်ရာများ ပေးပို့လှူဒါန်းနိုင်ရေး ဝန်ထမ်းမိသားစုများက စေတနာ၊ မေတ္တာအပြည့်ဖြင့် ကိုယ်တိုင်ချက်ပြုတ်ကြော်လှော်ကာ စိတ်အားထက်သန် စွာဖြင့် ခေါက်ဆွဲခြောက်မျိုးစုံအထုပ် (၃၀၀၀)၊ ကော်ဖီမစ် (၁၅၀၀) ထုပ်၊ ကွေကာ (၁၅၀၀) ထုပ်၊ တီးမစ် (၁၅၀၀) ထုပ်၊ ကြက်ဥမရွေး (၁၅၀၀) ထုပ်၊ ဆန်ကွတ်ကီး (၃၀၀၀) ထုပ်၊ မြေပဲလိပ် (၇၅၀၀) လုံးနှင့် ငါးခြောက်ကြော် (၅၀) ပိဿာအား ချက်ပြုတ်ကြော်လှော်ကာ ထုတ်ပိုးပြင်ဆင်မှု များကို အားကြိုး မာန်တက်ဆောင်ရွက်ခဲ့ကြပါသည်။

နိုင်ငံတော်လုံခြုံရေး၊ နယ်မြေကာကွယ်ရေးအတွက် တိုက်ပွဲဝင်နေကြသည့် တပ်မတော်သားများအတွက်

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက စားသောက်ဖွယ်ရာ(၁၀)မျိုးအတွက် တန်ဖိုးငွေကျပ် (၆,၀၆၃,၉၀၀/-)နှင့် ငွေသားအလှူငွေကျပ် သိန်း (၁၀၀)၊ လှူဒါန်းမှုစုစုပေါင်း (၁၆,၀၆၃,၉၀၀/-) (တစ်ရာ့ခြောက်ဆယ်သိန်း ခြောက်သောင်းသုံးထောင့် ကိုးရာတိတိ)ကို ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၈) ရက်နေ့တွင် နေပြည်တော် တိုင်းစစ်ဌာနချုပ်သို့ သွားရောက်ပေးပို့ လှူဒါန်းခဲ့ပါသည်။

## ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန် ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီအစည်းအဝေး (၂/၂၀၂၄) ကျင်းပခြင်း



**၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၉ ရက်** **နေပြည်တော်**

ပဋိပက္ခအတွင်းလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီအစည်းအဝေး (၂/၂၀၂၄) ကို ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၉) ရက်နေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံး၊ စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့် ကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည် နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့်တုံ့ပြန်ဆောင်ရွက် ရေးဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက်ကို ရေးဆွဲ အကောင်အထည်ဖော်လျက်ရှိရာ (၁၀-၁၁-၂၀၂၃) ရက်နေ့ မှစ၍ တတိယနှစ်သက်တမ်းရေးဆွဲခဲ့ပါကြောင်း၊ စီမံချက် ကာလ တတိယသက်တမ်း၏ ပထမ (၆)လပတ် အစီရင်ခံစာ (မူကြမ်း)ကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပေးပို့သည့် အချက်အလက်များအား စုစည်းရေးသားခဲ့ပြီး လုပ်ငန်း ကော်မတီအစည်းအဝေး (၂/၂၀၂၄) ဆုံးဖြတ်ချက်များအရ ပြင်ဆင်ဖြည့်စွက်ကာ ယခုအစည်းအဝေးမှာ 2nd Draft အဖြစ် တင်ပြသွားမည်ဖြစ်ပါသဖြင့် ဆွေးနွေး အတည်ပြု ပေးရန်ဖြစ်ပါကြောင်း၊ တတိယသက်တမ်း၏ ဒုတိယ (၆)လပတ် အစီရင်ခံစာကို ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ နောက်ဆုံးထား၍ အစီရင်ခံစာထွက်ရှိနိုင်ရေး ဌာနအသီးသီး ၏ အချက်အလက်များကို သတ်မှတ်ကာလအတွင်း ပေးပို့ ရန် လိုအပ်ပါကြောင်း၊ အမျိုးသားအဆင့် လုပ်ငန်းစီမံချက် ၏ တတိယနှစ်သက်တမ်းသည် ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၁၀)ရက်နေ့တွင် ပြည့်မြောက်မည်ဖြစ်ပါသဖြင့် စီမံချက် ကာလ စတုတ္ထတစ်နှစ် သက်တမ်းတိုးနိုင်ရေးအတွက် ဆွေးနွေးပေးစေလိုပါကြောင်း လမ်းညွှန်ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ အတွင်းရေးမှူး၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အစည်းအဝေး အမှတ်စဉ် (၁/၂၀၂၄) ၏ ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ခဲ့မှုများ၊ လုပ်ငန်းကော်မတီ အစည်းအဝေး (၂/၂၀၂၄) ၏ ဆုံးဖြတ်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှုများကို တင်ပြဆွေးနွေးခဲ့ပါသည်။

ထို့နောက် ပထမ(၆)လပတ် အစီရင်ခံစာ(မူကြမ်း) အပေါ်အကြံပြုဆွေးနွေးခြင်း၊ အတည်ပြုခြင်းနှင့် စီမံချက်ကာလ စတုတ္ထသက်တမ်းတိုးရေးတို့ကို ဆွေးနွေးခဲ့ကြပါသည်။

## ဒုတိယဝန်ကြီး ဦးစိုးကြည် ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်း စာနာမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးဖြစ်သူ Mr. Marcoluigi Corsi နှင့် ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA) ၏ အကြီးအကဲဖြစ်သူ Mr. Sajjad Mohammad Sajid တို့အား လက်ခံတွေ့ဆုံခြင်း



**၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်** **နေပြည်တော်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးစိုးကြည်သည် ကုလသမဂ္ဂ ယာယီဌာနေ ညှိနှိုင်းရေးမှူးနှင့် လူသားချင်း စာနာမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးဖြစ်သူ Mr. Marcoluigi Corsi နှင့် ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA) ၏ အကြီးအကဲဖြစ်သူ Mr. Sajjad Mohammad Sajid တို့အား ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၁၉) ရက်နေ့တွင် ဝန်ကြီးဌာန၊ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် UNOCHAအကြား သဘောတူညီမှုစာလွှာ အမြန်ဆုံး လက်မှတ်ရေးထိုးနိုင်ရေး၊ UNOCHA ၏ နိုင်ငံခြားသားဝန်ထမ်းများ ပြည်ဝင်ဗီဇာအတွက် အကူအညီပေးရေး၊ UNOCHA မှ မြန်မာနိုင်ငံအတွင်း အကူအညီလိုအပ်သူများထံသို့ လူသားချင်းစာနာမှု အကူအညီများ ပေးအပ်နိုင်ရေးနှင့် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ၏ အသင်းအဖွဲ့ မှတ်ပုံတင်

ခြင်းဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြပါသည်။

## အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများ ဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပခြင်း

**၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်** **နေပြည်တော်**



အဆိုးရွားဆုံးပုံစံဖြင့်ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများ ဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၂၁) ရက်နေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ ကော်မတီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးဦးစိုးကြည်က အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများနှင့် စပ်လျဉ်း၍ လုပ်ငန်းစီမံချက်ပါ ကျူးလွန်သူကို တရားစွဲဆိုခြင်း၊ ကလေးသူငယ်များကို အကာအကွယ်ပေးခြင်း၊ လိုအပ်သော ထောက်ပံ့ကူညီမှုများ ပံ့ပိုးပေးခြင်းတို့ကို အလေးပေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကလေးလုပ်သားစစ်တမ်း ၂၀၂၃-၂၀၂၄ အစီရင်ခံစာအရ အန္တရာယ်ရှိသော လုပ်ငန်းခွင်များတွင် အလုပ်လုပ်ကိုင်လျက်ရှိသော ကလေးသူငယ် (၃၉) ဦးတို့အား လူမှုဖြစ်ရပ်စီမံခန့်ခွဲမှု နည်းလမ်းများနှင့်အညီ ကွင်းဆင်းဆောင်ရွက်ခဲ့ပြီး စိတ်လူမှုပံ့ပိုးမှုများ ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ အရည်အသွေးပြည့်ဝသော လုပ်သားကောင်းများ ရရှိစေရေးအတွက် လူငယ်သင်တန်းကျောင်းများရှိ ကျောင်းသား/ ကျောင်းသူများအတွက် သက်မွေးပညာ သင်တန်းများကို သင်ကြားလေ့ကျင့်ပေးလျက်ရှိပြီး ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီများမှလည်း ပူးပေါင်းဆောင်ရွက်ပြီး ဖွင့်လှစ်ပေးလျက်ရှိပါကြောင်း၊ အသိပညာပေး ဆွေးနွေးပွဲများအနေဖြင့်လည်း ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ဒုတိယ (၃)လပတ်အထိ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေနှင့် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲ (၂၅) ကြိမ်ကို တက်ရောက်သူ (၂၂၁၈) ဦးဖြင့် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ တက်ရောက်လာသူများအနေဖြင့်လည်း ကလေးသူငယ်များအတွက် ဆောင်ရွက်ပေးနိုင်သည်များကို ဆွေးနွေးပေးစေလိုပါကြောင်း ဆွေးနွေးပြောကြားခဲ့ပါသည်။



ဆက်လက်၍ လူမှုဝန်ထမ်းဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (လုပ်ငန်း) က အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေးလုပ်ငန်းကော်မတီ၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ၊ ဒုတိယငါးနှစ်စီမံချက်အတွက် ဆောင်ရွက်မည့်လုပ်ငန်းစဉ်

များအား ရှင်းလင်းတင်ပြ ဆွေးနွေးခဲ့ပြီး တက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးခဲ့ကြပါသည်။

## ဒုတိယဝန်ကြီး ဦးစိုးကြည် ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် လူသားချင်းစာနာထောက်ထားမှုအဖွဲ့အစည်းများ၏ အရေးပေါ်ကိစ္စရပ်များဆိုင်ရာ ညွှန်ကြားရေးမှူးများအဖွဲ့ (EDG) အား လက်ခံတွေ့ဆုံခြင်း


**၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်** **နေပြည်တော်**



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးစိုးကြည်သည် နယူးယောက်မြို့အခြေစိုက် ကုလသမဂ္ဂ အဖွဲ့အစည်းများနှင့် လူသားချင်းစာနာထောက်ထားမှု အဖွဲ့အစည်းများ၏ အရေးပေါ်ကိစ္စရပ်များဆိုင်ရာ ညွှန်ကြားရေးမှူးများအဖွဲ့ (EDG) အား ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၂၇) ရက်နေ့တွင် ဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံခဲ့ရာ EDG အဖွဲ့က မြန်မာနိုင်ငံအတွင်း လူသားချင်းစာနာမှု အကူအညီ လိုအပ်ချက်များ လေ့လာရေး၊ နိုင်ငံအတွင်း အမျိုးသားအဆင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု ကော်မတီ (NDMC) ဖွဲ့စည်းထားရှိမှုနှင့် ဆိုင်ကလုန်းမုန်တိုင်း မိုခါတုံ့ပြန်ရေးတွင် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့မှု အခြေအနေများ၊ အဖွဲ့အစည်းများ၏ နိုင်ငံခြားသားဝန်ထမ်းများအတွက် ပြည်ဝင်ဗီဇာ၊ ဗီဇာသက်တမ်းတိုး၊ ခရီးသွားလာခွင့်များရရှိရေးနှင့်ဝန်ကြီးဌာနမှ ဆောင်ရွက်ပေးထားမှု အခြေအနေများ၊ အပြည်ပြည်ဆိုင်ရာအစိုးရ မဟုတ်သော အဖွဲ့အစည်းများ၏ အသင်းအဖွဲ့ မှတ်ပုံတင်ရရှိရေးဆိုင်ရာ ကိစ္စရပ်များ၊ ဝန်ကြီးဌာနနှင့် OCHA အဖွဲ့အကြား သဘောတူညီမှုစာလွှာ (LoA) လက်မှတ်ရေးထိုးနိုင်ရေးနှင့် ဌာနဝန်ထမ်းများအတွက် စွမ်းရည်မြှင့်သင်တန်းများ ပေးနိုင်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာအမြင်ချင်း ဖလှယ် ဆွေးနွေးခဲ့ကြပါသည်။

## တတိယအကြိမ်မြောက် အာဆီယံအမျိုးသမီးခေါင်းဆောင်များညီလာခံအကြို ဆက်စပ်အစည်းအဝေးများ (Pre-Summit Event of 3rd ASEAN Women Leaders' Summit) သို့တက်ရောက်ခြင်း

**၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်** **နေပြည်တော်**




လာအိုနိုင်ငံမှ အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် တတိယအကြိမ်မြောက် အာဆီယံအမျိုးသမီးခေါင်းဆောင်များ ညီလာခံအကြို ဆက်စပ်အစည်းအဝေးများ (Pre-Summit Event of 3rd ASEAN Women Leaders' Summit) အား ၂၀၂၄ခုနှစ်၊ ဩဂုတ်လ (၂၁) ရက်နေ့မှ (၂၂) ရက်နေ့အထိ Hybrid စနစ် ဖြင့် ကျင်းပပြုလုပ်ရာ မြန်မာနိုင်ငံမှ အာဆီယံအမျိုးသမီးကော်မတီ (ACW) Focal Point နှင့် အာဆီယံအမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် မှတ်ပုံတင်ကဏ္ဍ (AWPR)အဖွဲ့ဝင်ဖြစ်သူလူမှုဝန်ထမ်းဦးစီး

ဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒေါက်တာစန်းစန်းအေး၊ အာဆီယံအမျိုးသမီးအခွင့်အရေးများဆိုင်ရာ ကိုယ်စားလှယ်ဖြစ်သူ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ဥက္ကဋ္ဌ၊ ဒေါက်တာသက်သက်ဇင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဘာသာရပ်ဆိုင်ရာတာဝန်ခံများသည် Online ဖြင့် တက်ရောက်ခဲ့ကြပါသည်။



ဖွင့်ပွဲအခမ်းအနားတွင် လာအိုနိုင်ငံ၊ Women's Union ၏ ဒုတိယဝန်ကြီးဖြစ်သူ H.E Mrs. Thamma PHETVIXAY က အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ အစီအစဉ်အရ အာဆီယံဒေသတွင်း၌ လုပ်ခလစာရရှိသော အလုပ်များနှင့် လုပ်ခလစာရရှိခြင်းမရှိသော အိမ်မှုကိစ္စလုပ်ငန်းများ၏ အခန်းကဏ္ဍနှင့် စံနှုန်းများ၊ အာရှနှင့် ပစိဖိတ်ဒေသတွင်း၌ လူမှုစီးပွားဘဝမြင့်တင်ရေးအတွက် ဆောင်ရွက်မှုများ၊ လူမှုစီးပွားဘဝမြင့်တင်ရေး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကဏ္ဍတို့တွင် အမျိုးသမီးများပါဝင်ဆောင်ရွက်နေမှုများ၊ ကျား၊ မတန်းတူညီမျှရေးနှင့် အမျိုးသမီးစွမ်းပကားမြှင့်တင်ရေးကိစ္စရပ်များနှင့် ကျား၊ မအခြေပြု အကြမ်းဖက်မှုပပျောက်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးကိစ္စရပ်များ၊ လူမှုသဟဇာတပေါင်းစည်းရေးကိစ္စရပ်များနှင့် ကြံ့ကြံ့ခံနိုင်သော လူမှုအသိုင်းအဝိုင်းအကြောင်းအရာများအား အာဆီယံနိုင်ငံများမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ၊ သုတေသနပညာရှင်များက Panelists များအဖြစ် ဆွေးနွေးခဲ့ကြပါသည်။

ဆက်လက်၍ တတိယအကြိမ်မြောက် အာဆီယံအမျိုးသမီးခေါင်းဆောင်များညီလာခံ (3rd ASEAN Women Leaders' Summit) အား (၂၃-၈-၂၀၂၄) ရက်တွင် ကျင်းပသွားမည်ဖြစ်ပါကြောင်း သတင်းရရှိပါသည်။

## သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေ/ နည်းဥပဒေများ အသိပညာပေးအစီအစဉ် ကျင်းပခြင်း

**၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်** **မွန်ပြည်နယ်**

မွန်ပြည်နယ်လူမှုဝန်ထမ်းရုံးမှကြီးမှူး၍ သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေ/ နည်းဥပဒေများ အသိပညာပေးအစီအစဉ်ကို(၁၃-၈-၂၀၂၄)ရက်၊ နံနက်(၁၀း၀၀)နာရီအချိန်တွင် မွန်ပြည်နယ်လူမှုဝန်ထမ်းရုံး၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ အသိပညာပေးအစီအစဉ်တွင် မွန်ပြည်နယ်လူမှုဝန်ထမ်းရုံးမှာ ညွှန်ကြားရေးမှူး ဒေါ်ယဉ်ယဉ်ပြုံးက မိတ်ဆက်စကားပြောကြားပြီး ဒုတိယညွှန်ကြားရေးမှူး ဒေါ်စုမြတ်နွယ်က သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေ / နည်းဥပဒေပါ အခန်းကဏ္ဍများအား Power point ဖြင့် အသေးစိတ် ရှင်းလင်းပြောကြားခဲ့ပါသည်။ ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းပြီး အသိပညာပေး အစီအစဉ်ကို ရုပ်သိမ်းလိုက်ပါသည်။ အသိပညာပေး ဆွေးနွေးပွဲသို့ မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်အတွင်းရှိ လူမှုအားမာန်အဖွဲ့ဝင်များ၊ ရပ်ရွာအတွင်းမှ သက်ကြီးပုဂ္ဂိုလ်များနှင့် မိသားစုဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ စုစုပေါင်း (၅၀) ဦး တက်ရောက်ခဲ့ပါသည်။



## သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေ/နည်းဥပဒေများ အသိပညာပေးအစီအစဉ်

**၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၉ ရက်** **ဧရာဝတီတိုင်းဒေသကြီး**



သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေ/ နည်းဥပဒေများ အသိပညာပေး အစီအစဉ်ကို (၉-၈-၂၀၂၄) ရက်တွင် ပုသိမ်မြို့နယ် မိုးကုတ်ကျေးရွာအုပ်စု သဲဖြူကျေးရွာ၌ ကျင်းပခဲ့ပါသည်။ ဧရာဝတီတိုင်းဒေသကြီးလူမှုဝန်ထမ်းရုံးမှ ဒုတိယညွှန်ကြားရေးမှူးက သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေ/ နည်းဥပဒေအကြောင်း ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာခံ (၂၅) ရွာမှ သက်ကြီးရွယ်အိုများနှင့်ရပ်မိရပ်ဖများ(၅၀)ဦး တက်ရောက်ခဲ့ပါသည်။

## အသက် (၃) နှစ်မှ (၅) နှစ် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံသင်တန်း သင်တန်းဆင်းပွဲအခမ်းအနားကျင်းပခြင်း

**၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၁ ရက်** **ဧရာဝတီတိုင်းဒေသကြီး**

ဧရာဝတီတိုင်းဒေသကြီးလူမှုဝန်ထမ်းရုံးမှ အသက် (၃)နှစ်မှ (၅)နှစ် ရှေးဦးအရွယ် ကလေးသူငယ်ပြုစု ပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံသင်တန်းကို သင်တန်းသူ(၃၀)ဦးဖြင့် (၁-၈-၂၀၂၄)ရက်မှ (၂၁-၈-၂၀၂၄)ရက် အထိ ဖွင့်လှစ်ခဲ့ပြီး သင်တန်းဆင်းပွဲ အခမ်းအနားကို (၂၁-၈-၂၀၂၄)ရက်တွင် ပုသိမ်မူလတန်းကြိုကျောင်း၌ ကျင်းပ ပြုလုပ်ရာ ဧရာဝတီတိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများမှ သင်တန်းသား/သူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ပါသည်။



## ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကျင်းပခြင်း

**၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်** **ဧရာဝတီတိုင်းဒေသကြီး**



ဧရာဝတီတိုင်းဒေသကြီး ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းကြီးကြပ်ရေး အဖွဲ့ အစည်းအဝေးကို (၂၁-၈-၂၀၂၄) ရက်နေ့တွင် တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံး၌ကျင်းပပြုလုပ်ခဲ့ပြီး အစည်းအဝေးသို့ ဧရာဝတီတိုင်းဒေသကြီး ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေး၊ ဖွံ့ဖြိုးရေးနှင့်ဖွံ့ဖြိုးရေး လုပ်ငန်း ကြီးကြပ်အဖွဲ့ဥက္ကဋ္ဌ၊ လူမှုရေးရာဝန်ကြီး

တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။ ဆက်လက်၍ တိုင်းဒေသကြီးအတွင်း ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့် ပတ်သက်၍ မှတ်ပုံတင်ကြေး၊ တည်ထောင်ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်ကြေးများအား ပြန်လည်သတ်မှတ်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြ အတည်ပြုချက် ရယူရေးများကို တက်ရောက်လာသော ကော်မတီအဖွဲ့ဝင်များမှ ဆွေးနွေးခဲ့ကြပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၄ခုနှစ်၊ ဩဂုတ်လအတွင်း သဘာဝဘေးအသိပညာပေးဟောပြောပွဲပြုလုပ်ခြင်း



မြောင်းမြခရိုင်ဦးစီးမှူးရုံးနှင့် ဝါးခယ်မမြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၁-၈-၂၀၂၄) ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ မြရတနာရပ်ကွက်နှင့် မြစန္ဒာရပ်ကွက်နေ ပြည်သူများအားလည်းကောင်း၊ (၂-၈-၂၀၂၄) ရက်နေ့တွင် မြောင်းမြမြို့နယ်၊ ကံ့ကော်မြိုင်ရပ်ကွက်နှင့် မြဟေမာရပ်ကွက်နေ ပြည်သူများအားလည်းကောင်း၊ (၇-၈-၂၀၂၄) ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့နယ်၊ အရှေ့စုကျေးရွာနှင့် မြန်မာစုကျေးရွာများရှိ ပြည်သူများအားလည်းကောင်း၊ (၈-၈-၂၀၂၄)ရက်နေ့တွင် အိမ်မဲမြို့နယ်၊ မကျီးကုန်းကျေးရွာနှင့် သာယာကုန်းကျေးရွာများရှိ ပြည်သူများအားလည်းကောင်း၊ (၉-၈-၂၀၂၄) ရက်နေ့တွင် အိမ်မဲမြို့နယ်၊ လက်ပံကုန်းကျေးရွာနှင့် ရွှေညောင်ပင်ကျေးရွာများရှိ ပြည်သူများအားလည်းကောင်း၊ (၁၀-၈-၂၀၂၄) ရက်နေ့တွင် မြောင်းမြမြို့နယ်၊ အုန်းပင်စုကျေးရွာနှင့် တောင်စုကျေးရွာများရှိ ပြည်သူများအားလည်းကောင်း၊(၁၁-၈-၂၀၂၄) ရက်နေ့တွင် အိမ်မဲမြို့နယ်၊ ကုန်းစုလေးကျေးရွာနှင့် ရေကျော်ကျေးရွာများရှိ ပြည်သူများအားလည်းကောင်း၊ (၁၂-၈-၂၀၂၄) ရက်နေ့တွင် အိမ်မဲမြို့နယ်၊ မရမ်းချောင်ကျေးရွာနှင့် ဥယျာဉ်စုကျေးရွာများရှိ ပြည်သူများအားလည်းကောင်း၊ (၁၅-၈-၂၀၂၄) ရက်နေ့တွင် ဝါးခယ်မမြို့နယ်၊ ပိတောက်ကုန်းကျေးရွာနှင့် အူကျွန်းတောကြီးကျေးရွာများရှိ ပြည်သူများအားလည်းကောင်း၊(၁၆-၈-၂၀၂၄) ရက်နေ့တွင် ဝါးခယ်မမြို့နယ်၊ အူကျွန်း(အောက်စု)ကျေးရွာနှင့် ကြခတ်ကုန်းကျေးရွာများရှိ ပြည်သူများအားလည်းကောင်း၊ (၁၇-၈-၂၀၂၄) ရက်နေ့တွင် ဝါးခယ်မမြို့နယ်၊ မရမ်းချောင်ကျေးရွာနှင့် ကျောင်းစုကမ်းနားကျေးရွာများရှိ ပြည်သူများအားလည်းကောင်း ရေဘေးနှင့် မြေပြိုဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် ဆောင်ရန် / ရှောင်ရန်အချက်များအား အသိပညာပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ မီးသတ်ဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။



ဥတ္တရခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၇-၈-၂၀၂၄)ရက်နေ့တွင်ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဥတ္တရခရိုင်၊ ဥတ္တရသီရိမြို့နယ်၊ ရွှေနံ့သာ အ.ထ.က(ခွဲ) ကျောင်း၌ အရာထမ်း/အမှုထမ်းများ၊ ဆရာ/ဆရာမများ နှင့် ကျောင်းသား/သူများ စုစုပေါင်း (၂၀၀) ဦးခန့်အား လည်းကောင်း၊ (၁၅-၈-၂၀၂၄) ရက်နေ့တွင် ပြည်ထောင်စု နယ်မြေ၊ နေပြည်တော်၊ ဥတ္တရခရိုင်၊ တပ်ကုန်းမြို့၊ အ.ထ.က(၁)ကျောင်း၌ဆရာ/ဆရာမများနှင့်ကျောင်းသား/သူ များ စုစုပေါင်း (၂၀၀) ဦးခန့်အားလည်းကောင်း၊ (၂၀-၈-၂၀၂၄) ရက်နေ့တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရခရိုင်၊ ဥတ္တရသီရိမြို့နယ်၊ ငန်းစပ် ကျေးရွာ (အ.ထ.က) ငန်းစပ် အခြေခံပညာအထက်တန်း ကျောင်း၌ ဌာနဆိုင်ရာ အရာထမ်း/ အမှုထမ်းများ၊ ဆရာ/ ဆရာမ များနှင့် ကျောင်းသား/သူများ စုစုပေါင်း (၂၅၀) ဦး ခန့်အားလည်းကောင်း၊ သဘာဝဘေးနှင့် ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန်အချက်များကို အသိပညာပေး ဟောပြောခြင်း၊ လက်ကမ်းစာစောင်များနှင့် နံရံကပ် ပိုစတာများ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။



ရန်ကုန်တောင်ပိုင်းခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူ များသည် (၉-၈-၂၀၂၄) ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ ကျောက်တန်းမြို့နယ်၊ မြို့မဈေး၊ အလယ်ပိုင်း ရပ်ကွက်နှင့် အရှေ့ပိုင်းရပ်ကွက်တို့၌လည်းကောင်း၊ (၁၀-၈-၂၀၂၇) ရက်နေ့တွင် ကျောက်တန်းမြို့နယ်၊ ကျိုက်မှော်ဝန်းဘုရားနှင့် အနောက်ပိုင်းရပ်ကွက်တို့၌ လည်းကောင်း ရေဘေး၊ မြေပြိုဘေးအန္တရာယ်များနှင့် ပတ်သက်၍ ဆောင်ရန် / ရှောင်ရန်အချက်များအား အသိပညာပေး ဟောပြောခြင်း လက်ကမ်းစာစောင်များ ဝေငှခြင်းနှင့် ဗီနိုင်းပိုစတာဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ ပါသည်။



မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူများ သည် (၁၇-၈-၂၀၂၄) ရက်နေ့မှ (၁၉-၈-၂၀၂၄) ရက်နေ့ အထိ မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်အတွင်းရှိ ရပ်ကွက်များ၌ ရေဘေး၊ မြေပြိုဘေးအန္တရာယ်များနှင့် ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန်အချက်များ၊ သဘာဝ ဘေးအသိပညာပေးလက်ကမ်းစာစောင်များ ဝေငှခြင်းနှင့် ဗီနိုင်းပိုစတာဖြန့်ဝေခြင်းတို့ကိုဌာနဆိုင်ရာများနှင့်ပူးပေါင်း၍ ဆောင်ရွက်ခဲ့ပါသည်။



မင်းကင်းမြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၂၂-၈-၂၀၂၄) ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊

မင်းကင်းမြို့နယ်၊ ညောင်ကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းတော်၌ ကျောင်းသား/သူများနှင့် ကျေးရွာသူ/သား (၁၀၂) ဦးတို့အား ရေဘေး၊ မြေပြိုဘေးအန္တရာယ်များနှင့် ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန်အချက်များ ဆွေးနွေးဟောပြောခြင်း၊ သဘာဝဘေးအသိ ပညာပေးလက်ကမ်းစာစောင်များ ဝေငှခြင်းနှင့် ဗီနိုင်းပိုစတာဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

မင်းကင်းမြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၂၃-၈-၂၀၂၄) ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မင်းကင်းမြို့နယ်၊ ကျောက်အိုးကျေးရွာ၊ အခြေခံပညာအလယ်တန်းကျောင်းနှင့် မင်းကင်းမြို့နယ်၊ ပြေကန်ကျေးရွာ၊ အခြေခံပညာအလယ်တန်းကျောင်းခွဲတို့၌ဆရာ/ဆရာမများနှင့် ကျောင်းသား/ သူများ (၁၀၅) ဦးတို့ဖြင့် ရေဘေး၊ မြေပြိုဘေးအန္တရာယ်များနှင့် ပတ်သက်၍ ဆောင်ရန်/ရှောင်ရန်အချက်များ၊ သဘာဝဘေးအသိပညာပေးလက်ကမ်းစာစောင်များဝေငှခြင်းနှင့် ဗီနိုင်းပိုစတာဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၄ခုနှစ်၊ ဩဂုတ်လအတွင်း သင်တန်းဖွင့်လှစ်မှုပြုလုပ်ခြင်း



နေပြည်တော်တိုင်းဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ (၇-၈-၂၀၂၄) ရက်နေ့ မှ (၉-၈-၂၀၂၄) ရက်နေ့အထိ ဖွင့်လှစ်ခဲ့သည့် သဘာဝဘေးလျော့ပါးရေးစေတနာ့ဝန်ထမ်းလူငယ် (ဆင့်ပွား) သင်တန်းအမှတ်စဉ် (၂/၂၀၂၄)ကို နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ နေပြည်တော်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် သင်တန်းသား/သူ စုစုပေါင်း (၅၀) ဦးတို့ တက်ရောက်ခဲ့ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၌ (၁၉-၈-၂၀၂၄) ရက်နေ့မှ (၂၃-၈-၂၀၂၄) ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့် တိုင်းဒေသကြီးအဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု အခြေခံသင်တန်းကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့မှ စေတနာ့ဝန်းထမ်းများနှင့် သင်တန်းသား/သူ စုစုပေါင်း (၅၀) ဦးတို့ဖြင့် ဖွင့်လှစ်ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၄ခုနှစ်၊ ဩဂုတ်လအတွင်း မီးဘေးထောက်ပံ့မှုများ

(၃-၈-၂၀၂၄)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ကျောက်မီးကျေးရွာအုပ်စု၊ ကျောက်မီးကျေးရွာ၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် လုံးဝပျက်စီး လူနေအိမ်(၁)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၁၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၃)ဦးတို့အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ်(၆,၃၀၀/-) နှင့် ကယ်ဆယ်ရေးပစ္စည်း(၁၆)မျိုးတို့ကို (၆-၈-၂၀၂၄) ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၄ခုနှစ်၊ ဩဂုတ်လအတွင်း ရေဘေးထောက်ပံ့မှုများ



(၁-၈-၂၀၂၄) ရက်နေ့မှ (၃-၈-၂၀၂၄) ရက်နေ့အထိ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ မိုးညိုမြို့နယ်အတွင်းရှိ ကျေးရွာများ၌ မြစ်ရေမြင့်တက်လာမှုကြောင့် ပျက်စီးလူနေအိမ် (၆) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၁,၁၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၄၀)ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ်(၈၄,၀၀၀/-) နှင့် ကယ်ဆယ်ရေးပစ္စည်း(၁၆)မျိုးတို့ကို (၆-၈-၂၀၂၄)ရက်နေ့တွင် မိုးညိုမြို့နယ်ဦးစီးမှူးရုံးမှ ထောက်ပံ့ပေးအပ်ခဲ့ပါသည်။

(၂-၈-၂၀၂၄)ရက်နေ့တွင် ကရင်ပြည်နယ်၊ ဘားအံခရိုင်၊ ဘားအံမြို့နယ်၊ အမှတ် (၆) ရပ်ကွက်၊ ရဲသာကျေးရွာအုပ်စု၊ လှိုင်းကျေးရွာနှင့် လှာကာကျေးရွာအုပ်စု လှာကာကျေးရွာတို့တွင် ရေဘေးဖြစ်ပွားမှုကြောင့် သေဆုံးလူဦးရေ (၃)ဦးတို့အတွက် သေဆုံးထောက်ပံ့ငွေကျပ်(၉၀၀,၀၀၀/-)ကို (၂၂-၈-၂၀၂၄) ရက်နေ့တွင် ဘားအံခရိုင်ဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။




(၄-၈-၂၀၂၄) ရက်နေ့မှ (၆-၈-၂၀၂၄) ရက်နေ့အထိ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ တနင်္သာရီမြို့နယ်၊ ချောင်းကြီးရပ်ကွက်၊ ချောင်းငယ်ရပ်ကွက်၊ ဆင်ခြေဖုံးကျေးရွာအုပ်စု၊ ဗောဓိကမ်းကျေးရွာနှင့် အောက်ကမ်း (ရ) ကျေးရွာတို့တွင် တနင်္သာရီမြစ်ရေမြင့်တက်မှုကြောင့် ရေကြီးနစ်မြုပ်ခဲ့သည့် လူနေအိမ်(၁၈)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၁,၉၀၀,၀၀၀/-)၊ ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုးတို့ကို (၇-၈-၂၀၂၄)ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၄-၈-၂၀၂၄) ရက်နေ့တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရခရိုင်၊ ဥတ္တရသီရိမြို့နယ်၊ သရက်တောကျေးရွာအုပ်စု၊ မသိမ်ကျေးရွာ၌ ချောင်းမကြီးချောင်းရေမြင့်တက်မှုကြောင့် ကြိုတင်ဖျက်သိမ်းပြောင်းရွှေ့ခဲ့ရသောလူနေအိမ်(၂)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ် (၂၀၀,၀၀၀/-) နှင့် ဘေးသင့်လူဦးရေ (၉) ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၁၈,၉၀၀/-)ကို (၅-၈-၂၀၂၄) ရက်နေ့တွင် ဥတ္တရခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

(၁၅-၈-၂၀၂၄) ရက်နေ့မှ (၂၄-၈-၂၀၂၄) ရက်နေ့

အထိ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ လင်းခေး မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများ၌ မိုးသည်းထန်စွာ ရွာသွန်း၍ နမ့်တိန်းချောင်းရေ မြင့်တက်မှုကြောင့် ဘေးသင့်ခဲ့သည့်လူဦးရေ(၁၃၅)ဦးတို့အတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ်(၂၈၃,၅၀၀/-)ကို (၂၅-၈-၂၀၂၄) ရက်နေ့ တွင် လင်းခေးခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါ သည်။



(၂၁-၈-၂၀၂၄) ရက်နေ့မှ (၂၃-၈-၂၀၂၄) ရက်နေ့ အထိ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ် မြို့ပေါ်ရှိ၊ ဈေးတန်းရပ်ကွက်၊ မွေတော်ရပ်ကွက်နှင့် တောင်ရွာရပ်ကွက်ရှိ ရေဘေးသင့်လူဦးရေ (၂၉၁) ဦးတို့ အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၆၁၁,၁၀၀/-) ကို (၂၃-၈-၂၀၂၄) ရက်နေ့တွင် လင်းခေးခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၂၂-၈-၂၀၂၄)ရက်နေ့တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ လယ်ဝေးခရိုင်၊ လယ်ဝေးမြို့နယ်၊ ချောင်းခွ ကျေးရွာအုပ်စု၊ ချောင်းခွကျေးရွာ၌ ရေဘေးဖြစ်ပွားမှုကြောင့် ရေမျောနေအိမ်(၃)လုံးနှင့် ကြိုတင်ဖျက်သိမ်းခဲ့သည့်နေအိမ် (၂) လုံးအတွက် အိမ်ဆောက်ပစ္စည်း ထောက်ပံ့ငွေကျပ် (၅၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ(၁၈)ဦးအတွက် ဆန်ရိက္ခာ ဖိုးထောက်ပံ့ငွေကျပ် (၃၇,၈၀၀/-)နှင့်ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုးတို့ကို (၂၄-၈-၂၀၂၄) ရက်နေ့ တွင် နေပြည်တော် တိုင်းဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၂၃-၈-၂၀၂၄)ရက်နေ့တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရခရိုင်၊ ဥတ္တရသီရိမြို့နယ်၊ မောင်းရမ်း ကျေးရွာအုပ်စု၊ ဝက်စုကျေးရွာ၌ ရေဘေးဖြစ်ပွားမှုကြောင့် ပျက်စီးလူနေအိမ် (၁) လုံးအတွက် အိမ်ဆောက်ပစ္စည်း ထောက်ပံ့ငွေကျပ်(၁၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ(၇)ဦး အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၁၄,၇၀၀/-)နှင့် ကယ်ဆယ်ရေးပစ္စည်း(၁၆)မျိုးတို့ကို(၂၄-၈-၂၀၂၄)ရက်နေ့ တွင် ဥတ္တရခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါ သည်။

လူမှုရေးရာများနှင့်ပတ်သက်လျှင် | သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်လျှင်
HELP LINE | HOT LINE
၀၆၇-၃၄၀ ၄၂၂၂ | ၀၆၇-၃၄၀ ၄၆၆၆
၀၆၇-၃၄၀ ၄၉၉၉ | ၀၆၇-၃၄၀ ၄၇၇၇
၂၄–နာရီ စုံစမ်းမေးမြန်းနိုင်ပြီး လိုအပ်သည့်အကူအညီများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၄ခုနှစ်၊ ဩဂုတ်လအတွင်း လေဘေးထောက်ပံ့မှုများ



(၃-၈-၂၀၂၄) ရက်နေ့တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇေယျာသီရိခရိုင်၊ ပုဗ္ဗသီရိမြို့နယ်၊ ဘဲကုန်းအုပ်စု၊ ဘဲကုန်းမြောက်ကျေးရွာ၌ လေပြင်းတိုက်ခတ်မှုကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီးလူနေအိမ်(၆)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၁၈၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ(၆)ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၁၂,၆၀၀/-) ကို (၅-၈-၂၀၂၄) ရက်နေ့တွင် ဥတ္တရခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၁၆-၈-၂၀၂၄)ရက်နေ့တွင်ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ကံဦးကျေးရွာအုပ်စု၊ သပြေလှကျေးရွာ၌ လေပြင်းတိုက်ခတ်မှုကြောင့် သစ်ကိုင်းကျိုးကျပိမိ၍ သေဆုံးခဲ့သူ(၁)ဦးအတွက် သေဆုံးထောက်ပံ့ငွေကျပ် (၃၀၀,၀၀၀/-) ကို (၁၇-၈-၂၀၂၄) ရက်နေ့တွင် နေပြည်တော်တိုင်းဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၄ခုနှစ်၊ ဩဂုတ်လအတွင်း မိုးကြိုးဘေးထောက်ပံ့မှုများ



(၇-၈-၂၀၂၄)ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ တောင်ရှည်ကျေးရွာအုပ်စု၊ ပြင်းတောင်ကျေးရွာ၌ မိုးကြိုးထိမှန်၍ သေဆုံးခဲ့သူ (၁) ဦးအတွက် သေဆုံး ထောက်ပံ့ငွေကျပ် (၃၀၀,၀၀၀/-) ကို (၈-၈-၂၀၂၄)ရက်နေ့တွင် မြိတ်ခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၁၄-၈-၂၀၂၄)ရက်နေ့တွင် မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်၊ ရေပုတ်ကြီး ကျေးရွာအုပ်စု၊

ရေပုတ်ကြီးကျေးရွာ၌ မိုးကြိုးထိမှန်၍ သေဆုံးခဲ့သူ (၁) ဦး အတွက် သေဆုံးထောက်ပံ့ငွေကျပ် (၃၀၀,၀၀၀/-) ကို (၂၁-၈-၂၀၂၄) ရက်နေ့တွင် မင်းဘူးခရိုင်ဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၄ခုနှစ်၊ ဩဂုတ်လအတွင်း မြေပြိုဘေးထောက်ပံ့မှုများ



(၂-၈-၂၀၂၄) ရက်နေ့တွင် ကရင်ပြည်နယ်၊ သံတောင်ကြီးမြို့နယ်၊ အမှတ်(၂)နှင့် အမှတ်(၄)ရပ်ကွက်တို့၌ မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုကျမှုကြောင့် တစ်စိတ်တစ်ပိုင်းပျက်စီး လူနေအိမ် (၅) လုံး၊ လုံးဝပျက်စီး လူနေအိမ်(၅)လုံးတို့အတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ် (၂၁၄,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၅၃) ဦး အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ ငွေကျပ် (၁၁၁,၃၀၀/-)နှင့် ကယ်ဆယ်ရေးပစ္စည်း(၁၆)မျိုးတို့ကို (၈-၈-၂၀၂၄) ရက်နေ့တွင် သံတောင်ကြီးမြို့နယ်ဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၄ခုနှစ်၊ ဩဂုတ်လအတွင်း ကမ်းပြိုဘေးထောက်ပံ့မှုများ



(၁-၈-၂၀၂၄) ရက်နေ့တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ လယ်ဝေးခရိုင်၊ လယ်ဝေးမြို့နယ်၊ ညိုပင် ကျေးရွာအုပ်စု၊ သုံးတန်ကူးကျေးရွာ၌ ကမ်းပြိုကျမှုကြောင့် ကြိုတင်ဖျက်သိမ်းပြောင်းရွှေ့ခဲ့သည့် လူနေအိမ် (၂) လုံး အတွက်အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ်(၂၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၄) ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ ငွေကျပ် (၈,၄၀၀/-) ကို (၁-၈-၂၀၂၄) ရက်နေ့တွင် နေပြည်တော်တိုင်းဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါ သည်။



(၃-၈-၂၀၂၄) ရက်နေ့တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ လယ်ဝေးခရိုင်၊ လယ်ဝေးမြို့နယ်၊ ကူသပိတ် ကျေးရွာအုပ်စု၊ ကြက်သွန်ခင်းကျေးရွာနှင့်စည်ပိုင်းကျေးရွာ အုပ်စု၊ စည်းပိုင်းကျေးရွာတို့၌ ကမ်းပြိုကျမှုကြောင့် ကြိုတင် ဖျက်သိမ်းပြောင်းရွှေ့ခဲ့သည့် လူနေအိမ် (၃) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၃၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၁၃) ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ ငွေကျပ်(၂၇,၃၀၀/-)ကို(၃-၈-၂၀၂၄)ရက်နေ့တွင်နေပြည်တော် တိုင်းဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၄-၈-၂၀၂၄) ရက်နေ့တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ လယ်ဝေးခရိုင်၊ လယ်ဝေးမြို့နယ်၊ ခရမ်းကိုင်းကျေးရွာအုပ်စု၊ သရက်ခုန်ကျေးရွာ၌ ကမ်းပါးပြိုကျမှုကြောင့် ဖျက်သိမ်းပြောင်းရွှေ့ခဲ့သည့် လူနေအိမ် (၁) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ်(၁၀၀,၀၀ဝိ/-)၊ ဘေးသင့်လူဦးရေ (၆) ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၁၂,၆၀ဝိ/-) ကို (၅-၈-၂၀၂၄) ရက်နေ့တွင် နေပြည်တော်တိုင်းဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။




(၆-၈-၂၀၂၇) ရက်နေ့နှင့် (၁၈-၈-၂၀၂၄) ရက်နေ့တို့တွင် မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူး(စကု)မြို့နယ်၊ သနပ္ပင်စုကျေးရွာအုပ်စု၊ ကျောင်းကုန်းကျေးရွာ၌ ကမ်းပြိုကျမှုကြောင့် ပျက်စီးခဲ့သည့် လူနေအိမ် (၉) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ်(၉၀၀,၀၀ဝိ/-)၊ ဘေးသင့်လူဦးရေ (၃၉) ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၈၁,၉၀ဝိ/-) ကို (၂၀-၈-၂၀၂၄) ရက်နေ့တွင် မင်းဘူးခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၇-၈-၂၀၂၄) ရက်နေ့နှင့် (၉-၈-၂၀၂၄) ရက်နေ့တို့တွင် မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်၊ ဆည်မုန်းကျေးရွာအုပ်စု၊ ဆည်မုန်းကျေးရွာ၌ ကမ်းပြိုကျမှုကြောင့် ပျက်စီးခဲ့သည့် လူနေအိမ် (၁၄) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ် (၁,၄၀၀,၀၀ဝိ/-)၊ ဘေးသင့်လူဦးရေ (၅၇) ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၁၁၉,၇၀ဝိ/-) ကို (၉-၈-၂၀၂၄) ရက်နေ့တွင် မင်းဘူးခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၉-၈-၂၀၂၄)ရက်နေ့တွင် မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ လက်ပံကျွန်းကျေးရွာအုပ်စု၊ ကုလားစုကျေးရွာ၌ သံလွင်မြစ်ရေတိုက်စားပြီး ကမ်းပါးပြိုကျမှုကြောင့် ကြိုတင်ဖျက်သိမ်းပြောင်းရွှေ့ခဲ့ရသည့် လူနေအိမ်(၁၃)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ် (၁,၃၀၀,၀၀ဝိ/-)၊ ဘေးသင့်

လူဦးရေ (၄၉) ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၁၀၂,၉၀၀ိ/-) ကို (၁၂-၈-၂၀၂၄) ရက်နေ့တွင် ပေါင်မြို့နယ် ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၁၃-၈-၂၀၂၄) ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ မိုးညိုမြို့နယ်၊ ရေလယ်သောင်ကျေးရွာအုပ်စု၊ ရေလယ်သောင်ကျေးရွာ၌ မြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြို၍ ကြိုတင်ပြောင်းရွှေ့လူနေအိမ်(၁၁)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၁,၁၀၀,၀၀၀ိ/-)၊ ဘေးသင့်လူဦးရေ (၄၂) ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၈၈,၂၀၀ိ/-) ကို (၁၆-၈-၂၀၂၄) ရက်နေ့တွင် မိုးညိုမြို့နယ်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၂၅-၈-၂၀၂၄) ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ မိုးညိုမြို့နယ်၊ ရွှေခဲကျေးရွာအုပ်စု၊ ရွှေခဲကျေးရွာ၌ မြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြို၍ ကြိုတင်ပြောင်းရွှေ့ လူနေအိမ်(၂)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၂၀၀,၀၀၀ိ/-)၊ ဘေးသင့်လူဦးရေ (၈) ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၁၆,၈၀၀ိ/-) ကို (၂၇-၈-၂၀၂၄) ရက်နေ့တွင် မိုးညိုမြို့နယ် ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၂၆-၈-၂၀၂၄) ရက်နေ့မှ (၂၁-၈-၂၀၂၄) ရက်နေ့အထိ ကရင်ပြည်နယ်၊ ဘားအံခရိုင်၊ ဘားအံမြို့နယ်၊ မြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြို၍ ပျက်စီးခဲ့သည့် လူနေအိမ်(၁၄)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ် (၂,၃၀၀,၀၀၀ိ/-)၊ ဘေးသင့်လူဦးရေ (၇၅) ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၁၅၇,၅၀၀ိ/-)နှင့် ကယ်ဆယ်ရေးပစ္စည်း(၁၆)မျိုးတို့ကို (၂၂-၈-၂၀၂၄)ရက်နေ့တွင် ဘားအံခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၄ခုနှစ်၊ ဩဂုတ်လအတွင်း ထူးခြားဖြစ်စဉ်အတွက် ထောက်ပံ့မှုများ

(၁၃-၆-၂၀၂၄) ရက်နေ့တွင် ရှမ်းပြည်နယ်၊ ဖယ်ခုံမြို့နယ်၊ ရီနွဲ့အုပ်စု၊ ဟန်ပို့ရွာ၊ (၁၇-၆-၂၀၂၄) ရက်နေ့တွင် ဖယ်ခုံမြို့နယ်၊မိုးဖြဲအုပ်စု၊စုပေါင်းရွာ၊ (၂၀-၆-၂၀၂၄)ရက်နေ့တွင် ဖယ်ခုံမြို့နယ်၊ မိုးဖြဲအုပ်စု၊ ဒေါးပေါ်ကူးကျေးရွာ၊ (၂၄-၆-၂၀၂၄) ရက်နေ့တွင် ဖယ်ခုံမြို့နယ်၊ မိုးဖြဲအုပ်စု၊ လွယ်ယင်းမင်္ဂလာကျေးရွာတို့၌ လက်နက်ကြီးထိမှန်၍

သေဆုံးလူဦးရေ (၅) ဦးအတွက် သေဆုံးထောက်ပံ့ငွေကျပ် (၁,၅၀၀,၀၀၀/-) (၁-၈-၂၀၂၄) ရက်နေ့တွင် ရှမ်းပြည်နယ် ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



ရှမ်းပြည်နယ်၊တောင်ကြီးခရိုင်၊ရပ်စောက်မြို့နယ်

ရှိ ဘိုးဘွားရိပ်သာ (၂) ခုမှ တိုက်ပွဲရှောင် ဘိုးဘွားများအား ကယ်ဆယ်ရေးပစ္စည်း(၆) မျိုးတို့ကို (၁-၈-၂၀၂၄) ရက်နေ့ တွင် ရှမ်းပြည်နယ်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ ခဲ့ပါသည်။

(၄-၇-၂၀၂၄) ရက်နေ့တွင် ကယားပြည်နယ်၊ လွိုင်ကော်မြို့၌ လတ်တလောအကြမ်းဖက် ဖြစ်စဉ်များ ကြောင့် သေဆုံးခဲ့သူ (၁) ဦးအတွက် သေဆုံးထောက်ပံ့ ငွေကျပ် (၃၀၀,၀၀၀/-)၊ ဒဏ်ရာရရှိသူ (၁၁) ဦးအတွက် ဒဏ်ရာရထောက်ပံ့ငွေ(၅၅၀,၀၀၀/-)ကို (၁-၈-၂၀၂၄)ရက်နေ့ တွင် ကယားပြည်နယ်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ ခဲ့ပါသည်။

## မူးယစ်ဆေးဖြတ်ပြီးသူများပြန်လည်ထူထောင်ရေးစခန်း(ရန်ကုန်)၌စခန်းအခြေပြုပြန်လည်ထူထောင်ရေးသင်တန်း အမှတ်စဉ်(၁/၂၀၂၄) သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပခြင်း

**၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်**





(၁၆-၈-၂၀၂၄)ရက်နေ့၊နံနက်(၀၉:၀၀)နာရီအချိန် တွင် စခန်းအခြေပြု ပြန်လည်ထူထောင်ရေးသင်တန်း အမှတ်စဉ် (၁/၂၀၂၄) သင်တန်းဖွင့်ပွဲ အခမ်းအနားကို မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း (ရန်ကုန်)၌ ကျင်းပခဲ့ရာ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးမှ ညွှန်ကြားရေးမှူး၊ ဦးသန်းစိုးက အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

အခမ်းအနားသို့ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု

**ရန်ကုန်တိုင်းဒေသကြီး**

ဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးမှ ညွှန်ကြားရေးမှူး၊ ဌာနဆိုင်ရာကိုယ်စားလှယ်များ၊ အရပ်ဖက်၊ မိတ်ဖက် အဖွဲ့အစည်းမှ တာဝန်ရှိသူ များ၊ လူမှုရေးအသင်းအဖွဲ့များ၊ သင်တန်းသားများနှင့် သင်တန်းသားမိဘများ စုစုပေါင်း (၅၄)ဦး တက်ရောက်ခဲ့ပြီး ဖွင့်ပွဲအခမ်းအနားကို နံနက်(၁၀:၁၅) နာရီအချိန်တွင် ရုတ်သိမ်းခဲ့ပါသည်။







## ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း တတိယအကြိမ်မြောက် အာဆီယံအမျိုးသမီး ခေါင်းဆောင်များညီလာခံ (3rd ASEAN Women Leaders' Summit) သို့ Online စနစ်ဖြင့် တက်ရောက်ခြင်း




**၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်** **နေပြည်တော်**

လာအိုနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် တတိယအကြိမ်မြောက် အာဆီယံအမျိုးသမီးခေါင်းဆောင်များ ညီလာခံ (3rd ASEAN Women Leaders' Summit) ကို ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၂၃) ရက်နေ့တွင် Video Conferencing စနစ်ဖြင့် ကျင်းပပြုလုပ်ရာ မြန်မာနိုင်ငံမှ အာဆီယံအမျိုးသမီးရေးရာဝန်ကြီးများအဆင့် Focal Point ဖြစ်သူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ အာဆီယံအမျိုးသမီးကော်မတီ(ACW) Focal Point နှင့် အာဆီယံအမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် မှတ်ပုံတင်ကဏ္ဍ (AWPR) အဖွဲ့ဝင် လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ အာဆီယံအမျိုးသမီးအခွင့်အရေးများ ဆိုင်ရာကိုယ်စားလှယ် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် ဘာသာရပ်ဆိုင်ရာ တာဝန်ခံများက Online ဖြင့် တက်ရောက်ခဲ့ကြပါသည်။

ဖွင့်ပွဲအခမ်းအနားတွင် လာအိုနိုင်ငံ၏ ဝန်ကြီးချုပ်ဖြစ်သူ H.E Sonexay Siphandone နှင့် တာဝန်ရှိသူများက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး အစီအစဉ်အရ တတိယအကြိမ်မြောက် အာဆီယံအမျိုးသမီးခေါင်းဆောင်များ ညီလာခံ၏ ဆောင်ပုဒ်ဖြစ်သော "Strengthening Care Economy and Resilience Towards ASEAN Community Post-2025" နှင့်စပ်လျဉ်း၍ Plenary Session တွင် အာဆီယံနိုင်ငံများ၏ ခေါင်းဆောင်များမှ Panelist များအဖြစ် ပါဝင်ဆောင်ရွက်၍ အတွေ့အကြုံနှင့် အမြင်များအား အသီးသီးဆွေးနွေးဖလှယ်ခဲ့ကြပါသည်။

ထို့နောက် လာအိုနိုင်ငံ ဝန်ကြီးချုပ်က နိဂုံးချုပ်စကားပြောကြားခဲ့ပြီး အာဆီယံနိုင်ငံများမှ လူမှုစီးပွားဘဝ စောင့်ရှောက်ကာကွယ်ပေးရေးလုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော အစိုးရဌာနဆိုင်ရာများအား Care Economy Award ဆု ပေးအပ်ချီးမြှင့်ခဲ့ရာ မြန်မာနိုင်ငံအနေဖြင့် လူမှုဝန်ထမ်းဦးစီးဌာနမှ Care Economy Award ဆုအား ရရှိခဲ့ပါသည်။

